

# ကောင်းသန့်

# ကျူရှင်ပြဿနာအဖြေရှာ

နှင့်

ပညာရေးဆိုင်ရာအကြံပြုချက်ဆောင်းပါးများ

?

# စေတနာစကား

ကျွန်တော်သည် အထက်တန်းပြ၊ အလယ်တန်းကျောင်းအုပ်၊ တက္ကသိုလ်ဆရာ၊ ဆရာအတတ်သင်သိပ္ပံ၊ လ/ထ ကထိကရာထူးဖြင့် (၁၉) နှစ်တိုင်တိုင် ပညာရေးဌာနတွင် နိုင်ငံတာဝန်ကို ထမ်းဆောင်ခဲ့ပါသည် ။

ဝေးလံခေါင်ဖျားသော ချင်းပြည်နယ်၊ တီးတိန်မြို့နယ်။ လိုင်တီးကျေးရွာတွင် အလယ်တန်းကျောင်းအုပ်ရာထူးဖြင့် (၃)နှစ်တိုင် နေထိုင်လုပ် ကိုင်ခဲ့ဖူးသလို ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ) တွင် လည်း နိုင်ငံရေးနည်းပြ၊ တက္ကသိုလ်ဆရာအဖြစ် အမှုထမ်းခဲ့ဖူး ပါသည် ။

ဆရာအတတ်သင် လောက၌ လည်း (၅) နှစ်တိုင်တိုင် ကျင်လည်ခဲ့ဖူးသဖြင့် ပညာရေးလောက၌ နှံ့နှံ့စပ်စပ် ထဲထဲဝင်ဝင် လုပ်ကိုင်ခဲ့ဖူးသူ တစ်ယောက်ဖြစ်ပါသည် ။

ပညာရေးကို စိတ်ဝင်စားသဖြင့် ပညာရေးနှင့်ပတ်သက်သော စာအုပ်စာတမ်းများကိုလည်း စဉ်ဆက်မပြတ် ရေးသားထုတ်ဝေခဲ့ပါသည် ။

လမ်းချော်တိမ်းစောင်းခဲ့သော ပညာရေးအထူးရထားကြီးကို ပညာရေးသမား တစ်ဦးအနေဖြင့် ပြန်တည့်မတ်ပေးချင်သော စိတ်ဆန္ဒများက အစဉ်နှိုးကြားလျက်ရှိပါ၏။

ထို့ကြောင့် အပတ်စဉ်ထုတ်ဝေသော နိုင်ငံရေးဂျာနယ် (The Politics

) တွင် ပညာရေးဆိုင်ရာ အကြံပြုချက် ဆောင်းပါးများကို ရေးသားဖြစ်ခဲ့ပါသည် ။

ထိုရေးသားခဲ့သော ဆောင်းပါးများကို ပြန်လည်စုစည်းတည်းဖြတ်ပြီး **ကျူရှင်ပြဿနာအဖြေရှာနှင့် ပညာရေးဆိုင်ရာ အကြံပြုချက်ဆောင်းပါးများ** ဟူ၍ အမည်တပ်ထုတ်ဝေလိုက်ပါ သည် ။

တိုင်းပြည်အပေါ်ထားသော စိတ်စေတနာကောင်းဖြင့် ရေးသားထုတ်ဝေခဲ့ခြင်းကြောင့်၊ ပညာရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်တွင် ထည့်သွင်းစဉ်းစားစရာ အချက်များ တွေ့ရှိလိမ့်မည်ဟု မျှော်လင့်ယုံကြည်လျက်ရှိပါသည် ။

အမြင်မတူနိုင်သော အချက်အလက်များ ရှိပါက ဝေဖန်ဆွေးနွေးပြောဆိုနိုင်ပါသည် ။

လွတ်လပ်စွာ သဘောကွဲလွဲခွင့်ရှိကြောင်း ကောင်းစွာ ယုံကြည်လက်ခံထားပါ၏။

**စာဖတ်သူများအားကျေးဇူးတင်လျက်**
**မေတ္တာဖြင့်**
**ကောင်းသန့်**
**၁၃-၈-၂၀၁၆**

*****

ကျောင်းအုပ်ကြီးကို

သူရဲ့ အရည်အချင်း၊

လုပ်ရည်ကိုင်ရည်

ကြည့်မရွေးဘဲ

လုပ်သက်များ တာကိုပဲ

ကြည့်ရွေးချယ်ခြင်းဟာ

တရားမျှတ၊ အပြောလွတ်၊

အပြစ်လွတ်တယ်ထင်ပြီး

မူဝါဒချမှတ်ခြင်းဟာ

အတော်ခေတ်နောက်ကျတဲ့

အတွေးပါပဲ။ ပြီးစလွယ်လုပ်တဲ့

မူဝါဒလို့ လည်း ပြောနိုင်ပါတယ်။

နိုင်ငံကောင်းစေချင် ပညာရေးကိုပြင်

ပညာရေးမြှင့်တင်ရေးလုပ်ငန်း ဆွေးနွေးပွဲကို ၂၀၁၄ ခု၊ ဇန်နဝါရီလ (၂၁) ရက်နေ့၊ နံနက် (၉) နာရီ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမတွင်

ကျင်းပသည် ။

ကျွန်တော့်ကို ပညာရေးစိတ်ဝင်စားသူအနေဖြင့် ပညာရေး သုတေသနရုံးမှ ဖိတ်သည် ။

စာရေးဆရာအသင်းမှ လည်း ထိုပညာရေးဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးရန် တာဝန်ပေးခြင်းခံရသည် ။

အစည်းအဝေးကျင်းပသည့် စိန်ရတုသဘင် ခန်းမကြီးထဲသို့ ရောက်သောအခါ ခုံအပြည့်၊ လူအပြည့် နေရာယူထားကြသည် ကိုတွေ့ရ၏။

မကြာခင် အစည်းအဝေးစတင်ကြောင်း ကြေညာသည် ။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား အမှာ စကားပြောရန် စင်မြင့်ပေါ်သို့ ဖိတ်ခေါ်သည် ။ ဒု-ဝန်ကြီး စင်မြင့်ပေါ်သို့တက်သည် ။ စင်မြင့်ပေါ်သို့ ရောက်သောအခါ ...

မိုက်ခရိုဖုန်းဖြင့် စကားသံထွက်ပေါ်လာ၏။

ဝန်ကြီး ဘာလုပ်ရမှန်းမသိ။ စကားပြောစင်မရောက်ခင် ရပ်နေရသည် ။

တက္ကသိုလ်ဆရာ၊ ဆရာမများ အသင်း တာဝန်ရှိသူတစ်ဦးက အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်၏ ၎င်းတို့ အား ဖိတ်ကြားချက်အပေါ် မကျေနပ်သဖြင့် ဤအစည်းအဝေးကို သပိတ်မှောက်ထွက်ခွာကြောင်း ပြောကြားခြင်း ဖြစ်သည် ။

မမြင်ဘူး၊ မကြားဘူးတာတွေ မြင်ရ၊ ကြားရတော့ စိတ်ထဲ တစ်မျိုးဖြစ်မိသည် ။

ခေတ်အဆက်ဆက်က အမိန့်နှင့် ညွှန်ကြားခံခဲ့ရသော ဆရာများ ၏

အောင့်လုံးကြီးပေါက်ကွဲခြင်း တစ်ခုပေလားဟု အတွေးပွားမိသည် ။ ယခင်လို လုပ်ချင်တိုင်း လုပ်လို့ မရတော့ဘူးဟု သတင်း စကားပါးလိုက်ခြင်းလည်း ဖြစ်နိုင်သည် ။

သို့သော် တစ်နိုင်ငံလုံးအရေး ဆွေးနွေးနေကြသော ပညာရေးကိစ္စကြီးအပေါ် ကျောခိုင်းထွက်ခွာခဲ့ကြသော ထိုဆရာ၊ ဆရာမများ ၏ ဆန္ဒသဘောထား မကြားရတော့ပြီလောဟု တွေးတောပြီး စိတ်မကောင်းဖြစ်မိ၏။

တစ်နိုင်ငံလုံးအရေးကိစ္စများ ဆောင်ရွက်ကြရာတွင် ညီညွတ်မှုရှိရန် လိုသော်လည်း ညီညွတ်ရန်မလွယ်ကူကြောင်း သင်ခန်းစာရခဲ့၏။

ပညာရေးအပေါ် အကြီးအကျယ် စိတ်ဝင်စားသဖြင့် အကြံပြု မကြားရန် အချက်အလက်များ ရှာဖွေစုဆောင်းပြီး ကျွန်တော်သွားခဲ့သည် ။

သို့ရာတွင် စကားပြောခွက်အနားရောက်တော့ သူပြီးရင် ကျွန်တော်ပြောမှာ ။ ကျွန်မပြောပြီး သူပြောလိမ့်မည်ဟု နေရာဦးထားသူ (၈) ဦးတောင်ရှိသဖြင့် အသာကလေး ထုတ်ပြန်ခဲ့ရသည် ။

ပြည်သူတစ်ယောက်အနေနှင့် ယခုလို စကားပြောခွင့်မရ သည့်ကာလက ရှည်ကြာခဲ့သဖြင့် ယခုလို ပြောခွင့်ရသောအခါ တစ်ယောက်ပြီးတစ်ယောက် အလျှဉ်မပြတ် ထပြောကြတော့၏။

ကြော် ... ပညာရေးအပေါ် စိတ်ဝင်စားကြသဖြင့် အားတက်သရော ဆွေးနွေးနေကြသည် ဟု မှတ်ယူပြီး ထိုင်နားထောင်မိသည် ။

ဘာပဲပြောပြော ပွင့်လင်းမြင်သာမှုက အတိုင်းအတာတစ်ခုတော့ ရရှိ၍ နေပြီ။ သည် ထက် ပိုရအောင် တောင်းသူကတောင်း၊ ပေးသူကပေး လျှင်တော့ ပျော်စရာကြီးဖြစ်လိမ့်မည်။

ကျွန်တော်လည်း အားကြိုးမာန်တက် တန်းစီပြီး သွားပြောလျှင်တော့ရမည်။ သို့သော် ကိုယ်ပြောတာ အရာမရောက်လျှင်တော့ အချိန်ကုန်တာပဲ အဖတ်တင်မည်။

သို့ဆိုလျှင် တစ်နိုင်ငံလုံးသိအောင် စာဖြင့်သာ ရေးပြောပြတော့မည်။

အခြေခံပညာကို ဘယ်ကစပြီး ပြင်ကြမည်နည်း။ ဘယ်ပုံဘယ်နည်းဖြင့် ပြင်ကြလျှင် ကောင်းမည်နည်း။

ကျွန်တော့် အယူအဆနှင့် အကြံဉာဏ်ကို ပြည်သူသို့ တင်ပြပါသည် ။ တာဝန်ရှိသူများ လည်း ကြားသိပါစေသတည်း။

## (၁) ရုပ်ပိုင်းဆိုင်ရာပြုပြင်ရေး

မြေကြီးပေါ်တွင် ခုံနိမ့်လေးတွေခင်းပြီး စာသင်နေရသော ကျောင်း၊ အမိုးအကာ မလုံသောကျောင်း၊ ဂိုထောင်လိုလို၊ ဇရပ်လိုလို ကျောင်းတွေ မြန်မာပြည်တွင် များ စွာရှိပါသည် ။ ရုပ်ပိုင်းဆိုင်ရာ နိမ့်ကျသည့် ကျောင်းမှာ နေရသော ဆရာ၊ တပည့်တို့ ၏ စိတ်ဓာတ်မြင့်မားဖို့ မလွယ်။ သို့ဖြစ်၍ ထိုကျောင်းတွေအားလုံး တိုက်ကျောင်းတွေဖြစ်အောင် အရပ်ဘက် လူ့အဖွဲ့အစည်းများ ၊ NGO များ နှင့် ပညာရေးဌာန ပူးပေါင်းပြီး မြို့နယ်အလိုက် စာရင်းဇယားကောက်ယူ၊ စီမံချက်ချမှတ် ပြီး နိုင်ငံတကာ အကူအညီနှင့် ပြည်တွင်းအလှူရှင်များ ဖိတ်ခေါ်ပြီး သုံးနှစ်စီမံကိန်းဖြင့် ပြီးပြတ်အောင်လုပ်ရန်။

ပညာရေးဌာနရန်ပုံငွေဖြင့် ပညာရေးဌာနမှ ပုဂ္ဂိုလ်များ ဖြင့်သာ မပြောင်းလဲနေလျှင် ရှေ့ပြင် နောက်ပျက်ဖြင့် တစ်သက်လုံး ကျောင်းအ

စုတ်မှာ ခေါင်းကုတ်ပြီးနေရလိမ့်မည်။

ကျောင်းလို့ ခြုံပြီးပြောသည့်အခါ ခေတ်မီသော ကျောင်း ရှိဘောဂများ ၊ white board များ ၊ စာရေးခုံး ဗီရို၊ အံဆွဲပါသော ဆရာ့ စားပွဲ၊ ပစ္စည်းထည့်ရန် ဗီရိုများ ပါဝင်သည် ။

သင်ကြားမှုအထောက်အကူပစ္စည်းဖြစ်သည့် ဗီဒီယို၊ တီဗီ၊ ကွန်ပျူ တာ၊ ပရိုဂျက်တာ၊ လက်ပ်တော့၊ အင်တာနက်ချိတ်ဆက်နိုင်သော Table t များ အထိ ထည့်သွင်းစဉ်းစားရပါမည်။

ဆင်းရဲသောအတွေးဖြင့် ခြေထောက်လေးချောင်းပေါ်တွင် ပျဉ်ချပ်ကြီးတင်ထားသော စာသင်ခုံ အညံ့စားများကို ဦးစားပေး စဉ်း စားသော mindset များကို အရင်ပြင်သင့်ပါသည် ။

ရေလောင်းအိမ်သာများကို ကျောင်းသားဦးရေနှင့် အချိုးအစားမျှတ စွာ စနစ်တကျဆောက်ပေးသင့်ပါသည် ။

ဆင်းရဲသားအတွေးဖြင့် မဖြစ်နိုင်ဘူးဟု ဖင်ပိတ်မငြင်းပါနှင့်။ လုပ် ပေးချင်လျှင် ကူညီမည့်သူတွေ အများကြီးရှိပါသည် ။ လုပ်ပေးရကောင်း မှန်းမသိ၍ ကလေးတွေ အိမ်သာနည်းနည်း လူများများ ဖြင့် ညစ်ညစ်ပ တ်ပတ် နေနေရခြင်းဖြစ်သည် ။ ပိုက်ဆံမရှိဘဲ နေပြည် တော်ကြီးကို တ စ်နှစ်အတွင်း အပြီးတည်ခဲ့သည့် အစွမ်းအစရှိခဲ့သည် ။

*****